စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၆/ ၂၀၂၄)　　　　၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၉) ရက်

| ၁၉- ၁၂- ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၁၈၂.၂၂ |
| စင်္ကာပူဒေါ်လာ | ၁၅၄၁.၉၆ |
| စတာလင်ပေါင် | ၂၆၄၇.၅၈ |
| ဂျပန်ယန်း (၁၀၀) | ၁၃၄၁.၆၀ |
| တရုတ်ယွမ် | ၂၈၇.၇၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၃၀ |
| အိန္ဒိယရူပီး | ၂၄.၆၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၄.၆၈ |
| မလေးရှား ရင်းဂစ် | ၄၆၆.၂၀ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၅၉ |
| ထိုင်းဘတ် | ၆၀.၆၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အီသီယိုးပီးယားသည် တရုတ်နိုင်ငံသို့ ကော်ဖီ ပိုမိုတင်ပို့သွားရန် မျှော်မှန်းထား

➢ အိန္ဒိယနိုင်ငံသည် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ကန်ဒေါ်လာ ၉၈ သန်း ချေးယူမည်

➢ အနောက်ဘင်္ဂလားပြည်နယ်တွင် ယခုနှစ် အာလူးစိုက်ပျိုးမြေဧရိယာ ယခင်နှစ်ကထက် တိုးမြင့်လာဖွယ်ရှိ

➢ အာရှဆန်စျေးကွက်- အိန္ဒိယတွင် ဆန်သစ်များ စျေးကွက်ဝင်ရောက်လာမှုမြင့်တက်၊ ဗီယက်နမ်တွင် စျေးနှုန်းကျဆင်းမှုရှိ

➢ အိန္ဒိယ လက်ဖက်စျေးသည် ထုတ်လုပ်မှုကျဆင်းမှုကြောင့် ၁၈ ရာခိုင်နှုန်း မြင့် တက်

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ပထမ (၁၁)လအတွင်း ပုံမှန်တိုးတက်မှုကို ပြသလျက်ရှိ

➢ အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်းမှ ပြည်ပမှီခိုမှုလျှော့ချရန် ရန်ပုံငွေ ရူပီး ၇၂၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ) ပံ့ပိုးပေးရန် အစိုးရထံတင်ပြတောင်းဆို

- အိန္ဒိယလျှပ်စစ်သုံးမော်တော်ယာဉ်ဈေးကွက်တွင် ဒေလီ ထိပ်ဆုံးမှရပ်တည်လျက်ရှိ
- အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံမှ သံမဏိတင်သွင်းမှု စံချိန်တင်မြင့်တက်ခဲ့ကြောင်း နောက်ဆုံးထုတ်ပြန်ထားသည့်အချက်အလက်များအရ သိရ
- အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်လိမ့်မည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal ကပြောကြား

## အီသီယိုးပီးယားသည် တရုတ်နိုင်ငံသို့ ကော်ဖီ ပိုမိုတင်ပို့သွားရန် မျှော်မှန်းထား

တရုတ်နိုင်ငံသည် အီသီယိုးပီးယားကော်ဖီတင်ပို့မှု၏ ထိပ်တန်းနေရာများအနက်မှ တစ်ခုဖြစ်လာသောကြောင့် အီသီယိုးပီးယားအစိုးရသည် လျင်မြန်စွာကြီးထွားလာသော တရုတ်ကော်ဖီဈေးကွက်ကို ထပ်မံထိုးဖောက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရှိရသည်။

Ethiopian Coffee and Tea Authority (ECTA)မှ တာဝန်ရှိသူများသည် အရှေ့အာဖရိကရှိ အီသီယိုပီးယားနိုင်ငံ၏ ကော်ဖီကို စိတ်ဝင်စားသော တရုတ်စီးပွားရေးကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ကြောင်း ECTA က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရှိရသည်။

ဆွေးနွေးမှုအတွင်း တရုတ်နိုင်ငံသည် အီသီယိုးပီးယားကော်ဖီကို တင်သွင်းသည့်ထိပ်တန်း (၁၀)နိုင်ငံအနက်မှ တစ်နိုင်ငံဖြစ်လာသောကြောင့် တရုတ်ဈေးကွက်သည် အီသီယိုးပီးယားကော်ဖီ တင်ပို့ရောင်းချသူများအတွက် ပို၍အရေးပါလာကြောင်းကို ECTA မှ တာဝန်ရှိသူများနှင့် အီသီယိုးပီးယား ကော်ဖီတင်ပို့ရောင်းချသူများက အလေးပေးပြောကြားခဲ့သည်ဟု သိရှိရသည်။

မကြာသေးမီနှစ်များအတွင်း အီသီယိုးပီးယားမှ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှု အရှိန်အဟုန်ဖြင့် မြင့်တက်လာကြောင်းနှင့် တရုတ်လူမျိုးများအကြားတွင် ကော်ဖီသောက်သုံးသူများပြားလာပြီး အီသီယိုးပီးယားကော်ဖီ၏ လူကြိုက်များမှု မြင့်တက်လာခြင်းသည် အီသီယိုးပီးယား၏ ကော်ဖီတင်ပို့မှုဈေးကွက်ကို တွန်းအားပေးလျက်ရှိကြောင်း အီသီယိုပီးယားမှ တာဝန်ရှိသူများနှင့် ကော်ဖီတင်ပို့ရောင်းချသူများက ပြောကြားခဲ့သည်ဟု သိရှိရသည်။

အီသီယိုးပီးယားမှ ကော်ဖီကို တိုက်ရိုက်တင်သွင်းသည့် တရုတ်ကော်ဖီဝယ်သူများ သိသိသာသာတိုးလာခြင်းကြောင့် လွန်ခဲ့သည့် သုံးနှစ်အတွင်း တရုတ်နိုင်ငံသို့ အီသီယိုးပီးယားကော်ဖီတင်ပို့မှုပမာဏသည် နှစ်စဉ် ပျမ်းမျှ (၂၇)ရာခိုင်နှုန်း တိုးလာကြောင်း အာဏာပိုင်များ၏ အချက်အလက်များအရ သိရှိရသည်။

Agribusiness & Trade

ကော်ဖီထုတ်လုပ်မှုတွင် ကျော်ကြားသော အီသီယိုးပီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ပြီးဆုံးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁.၄၃)ဘီလီယံ ရရှိခဲ့ကြောင်းနှင့် လက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အဆိုပါ ပမာဏကို အမေရိကန်ဒေါ်လာ(၂)ဘီလီယံအထိ တိုးမြှင့်သွားရန် ရည်မှန်းထားကြောင်း သိရှိရသည်။

အာရေဗီကာကော်ဖီ၏ မူလအစအဖြစ် သတ်မှတ်ခံထားရသော အီသီယိုးပီးယားနိုင်ငံသည် အာဖရိက၏ အကြီးဆုံးကော်ဖီထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူဖြစ်ပြီး ကော်ဖီထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးဆောင်သော နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးအဖြစ် သတ်မှတ်ထားကြောင်း၊ ၎င်း၏ ကောင်းမွန်သည့် ကော်ဖီအရည်အသွေးနှင့် အရသာများကြောင့် ၎င်း၏ ကော်ဖီသည် ကမ္ဘာတစ်ဝန်းတွင် ဝယ်လိုအား မြင့်မားလျက်ရှိကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: en.people.cn/n3/2024/1210/c90000-20252089.html

## အိန္ဒိယနိုင်ငံသည် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ ကန်ဒေါ်လာ ၉၈ သန်း ချေးယူမည်

အိန္ဒိယနိုင်ငံသည် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank -ADB) မှ ချေးငွေ ကန်ဒေါ်လာ ၉၈ သန်း ချေးယူရန် သဘောတူညီမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက နိုဝင်ဘာလ ၃၀ ရက်က ဖော်ပြသည်။

အထွက်နှုန်းတိုး၊ အရည်အသွေးကောင်းမွန်ပြီး ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော သီးနှံများကို မြှင့်တင်မည့် ပိုးမွှားရောဂါကင်းစင်သော စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများဆိုင်ရာ စနစ်တစ်ရပ်ထူထောင်ရန် အဆိုပါချေးငွေအား သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၂၉ ရက်နေ့က ပြောကြားခဲ့သည်။

"အိန္ဒိယနိုင်ငံ၏ သန့်ရှင်းသော အပင်များ တည်ဆောက်ခြင်းအစီအစဉ်" ("Building India's Clean Plant Programme")၏ တစ်စိတ်တစ်ပိုင်းဖြစ်သော အဆိုပါ ချေးငွေဆိုင်ရာ သဘောတူချက်ကို အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာန ပူးတွဲအတွင်းဝန် Juhi Mukherjee နှင့် ADB အိန္ဒိယဌာနေအဖွဲ့အစည်း (India Resident Mission) ၏ တာဝန်ခံအရာရှိ Kai Wei Yeo တို့အကြား လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အပင်ကျန်းမာရေးသည် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်နိုင်စွမ်းတိုးတက်ရန် အရေးပါကြောင်း Mukherje က အလေးပေးပြောကြားခဲ့သည်။ "ADB ကရရှိလာတဲ့ ရန်ပုံငွေက တောင်သူလယ်သမားများရဲ့ ကုန်ထုတ်လုပ်နိုင်စွမ်းတိုးတက်ဖို့ အရေးပါတဲ့ အပင်ကျန်းမာရေးကို မြှင့်တင်သွားမှာ ဖြစ်ပါတယ်။" ဟု ၎င်းမှ ပြောကြားခဲ့သည်။ ယခုစီမံကိန်းသည် အပင်ကျန်းမာရေးဆိုင်ရာစီမံခန့်ခွဲမှုကို အဓိကထားသည့် အိန္ဒိယအစိုးရ၏ Atmanirbhar Clean Plant Programme (CPP) နှင့် လိုက်လျောညီထွေရှိကြောင်း Yeo မှ အထူးအလေးပေးပြောကြားခဲ့သည်။

"အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သော CPP အစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်နှင့် အဖွဲ့အစည်းစနစ်များ ဖွံ့ဖြိုး တိုးတက်လာအောင် ယခုစီမံကိန်းက အကူအညီပေးမှာဖြစ်ပါတယ်။ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များ၊ ပြည်နယ်အစိုးရများနှင့် တောင်သူလယ်သမားအသင်းအဖွဲ့များက အဆိုပါ စီမံကိန်းအောင်မြင်မှုရရှိအောင် အတူတကွပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။" ဟု ၎င်းက ဖြည့်စွက် ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းသည် အပင်ရောဂါကုသရေးဆိုင်ရာ အဆင့်မြင့် ဓါတ်ခွဲခန်းများ၊ လေ့ကျင့်ထားသော ကျွမ်းကျင်ပညာရှင် ပါဝင်သည့် သန့်ရှင်းသော အပင်ဆိုင်ရာ ဗဟိုဌာနများကို ထူထောင်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဌာနမှ ဖော်ပြခဲ့သည်။ အဆိုပါ ဗဟိုဌာနများသည် ရောဂါကင်းစင်သော အခြေခံအုတ်မြစ်ပစ္စည်းများကို ထိန်းသိမ်းကာ သန့်ရှင်းသောအပင်ဆိုင်ရာ လက်မှတ်များထုတ်ပေးသော အစီအစဉ်တစ်ရပ်အား ဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ အသိအမှတ်ပြုထားသော ပုဂ္ဂလိကအဖွဲ့အစည်းများကိုလည်း တောင်သူလယ်သမားအနေဖြင့် အရည်အသွေးမြင့်မားသော စိုက်ပျိုးရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ရရှိနိုင်ခြင်းရှိမရှိ စစ်ဆေးအတည်ပြုပြီး၊ အသိအမှတ်ပြု လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Agribusiness & Trade

အဆိုပါ စီမံကိန်းသည် တောင်သူလယ်သမားများကို သီးနှံအထွက်နှုန်းတိုးမြှင့်ပေးယုံသာမက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရန် အကူအညီပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားသည်။ အပူချိန်မြင့်တက်လာခြင်းကြောင့် ရောဂါပိုးမွှားများတိုးမြင့်လာသည့်အတွက် ရောဂါကင်းစင်သော ပစ္စည်းကိရိယာများက ရေရှည်ခံနိုင်ရည်ရှိမှုကို အထောက်အကူပြုသွားမည်ဟု သိရသည်။

အိန္ဒိယစိုက်ပျိုးရေးနှင့်တောင်သူလယ်သမားဖူလုံရေးဝန်ကြီးဌာနသည် အမျိုးသားစိုက်ပျိုးရေး ဘုတ်အဖွဲ့ (National Horticulture Board) နှင့် အိန္ဒိယစိုက်ပျိုးရေးသုတေသနကောင်စီ (Indian Council of Agricultural Research) တို့နှင့် ပူးပေါင်း၍ အဆိုပါ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးကို စောင့်ကြည့်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် စိုက်ပျိုးသီးနှံအထွက်နှုန်းကောင်းမွန်စေရန် အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank -ADB) မှ ချေးငွေ ကန်ဒေါ်လာ ၉၈ သန်း ချေးယူမည့်အကြောင်းနှင့် နိုင်ငံ၏ သန့်ရှင်းသောအပင်များ တည်ဆောက်ခြင်းအစီအစဉ် (Building India's Clean Plant Programme) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူလယ် သမားများအကြား ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, India signs $98 million loan agreement with Asian Development Bank to boost horticulture productivity, November 30, 2024

Agribusiness & Trade

## အနောက်ဘင်္ဂလားပြည်နယ်တွင် ယခုနှစ် အာလူးစိုက်ပျိုးမြေဧရိယာ ယခင်နှစ်ကထက် တိုးမြင့် လာဖွယ်ရှိ

အနောက်ဘင်္ဂလားပြည်နယ်တွင် ယခုနှစ် အာလူးစိုက်ပျိုးမြေဧရိယာသည် ယခင်နှစ်ကထက် တိုးမြင့်လာဖွယ်ရှိကြောင်းနှင့် နောင်လာမည့် ၁၀ ရက်အတွင်း အာလူးမျိုးချစိုက်ပျိုးခြင်း လုပ်ငန်း စဉ်များ ပြီးဆုံးမည်ဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၁ ရက်က ဖော် ပြသည်။

ပြည်နယ်တွင် အာလူးကို တစ်နိုင်ငံလုံး၌ ဒုတိယအများဆုံးထုတ်လုပ်ပြီး၊ တောင်သူများ အနေဖြင့် ယခုနှစ်တွင် ဈေးကောင်းများရရှိခဲ့သည့်အတွက် စိုက်ကေများထပ်မံ တိုးချဲ့စိုက်ပျိုးသွားဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

"ပြည်နယ်မှာ အာလူးမျိုးစိုက်ပျိုးခြင်းလုပ်ငန်းစဉ်က ၆၅၊ ၇၀ ရာခိုင်နှုန်းလောက် ပြီးစီးနေပါပြီ။ လာမည့် ၁၀ ရက်ခန့်အတွင်း လုပ်ငန်းစဉ်များ ပြီးဆုံးမယ်လို့ ကျနော်တို့ခန့်မှန်းပါတယ်။ တောင်သူများအနေဖြင့် ဈေးကောင်းများရရှိကြတဲ့အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက စိုက်ကေ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း တိုးတက်လာဖို့ရှိပါတယ်။ ယခင်နှစ်အတွက် သို့မဟုတ် ယခုနှစ်အစပိုင်းအတွက် ရိပ်သိမ်းထားတဲ့ အာလူးစိုက်တောင်သူများဟာ ဈေးကောင်းတွေရရှိထားပြီး၊ ပြည်နယ်တစ်ခုနှင့်တစ်ခု ရောင်းဝယ်ဖေါက်ကားမှု ကန့်သတ်ချက်ကြောင့် စိုက်ပျိုးရေီယာအပေါ် သက်ရောက်မှုရှိမှာ မဟုတ်ပါဘူး။" ဟု အနောက်ဘင်္ဂလားပြည်နယ် အအေးခန်းသိုလှောင်ရုံအသင်း၏ အကြီးတန်းအသင်းဝင်တစ်ဦးဖြစ်သော Patit Paban De က businessline သတင်းဌာနသို့ ပြောကြားခဲ့သည်။

Mamata Banerjee ဦးဆောင်သော အနောက်ဘင်္ဂလားပြည်နယ်အစိုးရသည် အာလူးကုန်လက်ကျန်နှင့် ဈေးနှုန်းကို ထိန်းသိမ်းနိုင်ရန် ပြည်နယ်တစ်ခုနှင့်တစ်ခု ရောင်းဝယ်ဖေါက်ကားမှုအား ကန့်သတ်ထားကြောင်း သိရသည်။ ပြည်နယ်အတွင်း ပျှမ်းမျှအာလူးစိုက်ပျိုးမြေစုစုပေါင်း ဟက်တာ ၄ ဒသမ ၇ သိန်းခန့်ရှိကာ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အာလူးထုတ်လုပ်မှု တန်ချိန် ၁၀၀ သိန်းခန့်ရှိကြောင်း သိရသည်။

"Chandramukhi အာလူးမျိုးစိုက်ပျိုးမှုက ပြီးစီးပါပြီ။ လက်ရှိမှာ Jyoti အာလူးမျိုးများကို စိုက်ပျိုးလျက်ရှိပါတယ်။" ဟု Patit Paban De က ပြောကြားခဲ့သည်။ "အကယ်၍ ရာသီဥတုအခြေအနေပေးလျှင် စိုက်ကေလည်း တိုးတက်လာတာဖြစ်သည့်အတွက် ယခုနှစ် အာလူးထုတ်လုပ်မှုက တန်ချိန် ၁၂၀ သိန်းခန့်ရှိနိုင်ပါတယ်။" ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Hindu Businessline, West Bengal likely to witness increase in area under cultivation for potato, sowing to be completed within 10 days, Kolkata, December 11

## အာရှဆန်စျေးကွက် - အိန္ဒိယတွင် ဆန်သစ်များ စျေးကွက်ဝင်ရောက်လာမှုမြင့်တက်၊ ဗီယက်နမ်တွင် စျေးနှုန်းကျဆင်းမှုရှိ

အိန္ဒိယမှတင်ပို့သော ပေါင်းဆန်စျေးသည် ရာသီသစ်ဆန်များစျေးကွက်အတွင်းများစွာ ဝင်ရောက်လျက်ရှိသောကြောင့် စျေးနှုန်းဖိအားများရှိသော်လည်း အာဖရိကမှဝယ်လိုအား ကောင်းမွန်ခြင်းကြောင့် ယခုအပတ်တွင် ပုံမှန်စျေးနှုန်းအတိုင်း တည်ငြိမ်လျက်ရှိကြောင်း၊ သို့ရာတွင် ဗီယက်နမ်၌မူ စျေးကွက်အတွင်း ရောင်းလိုအားများပြားမှုကြောင့် ဆန်စျေးနှုန်းမှာ ကျဆင်းခဲ့ကြောင်း၊ ထိုင်းနိုင်ငံတွင် ဘတ်ငွေတန်ဖိုးကြောင့် ဆန်စျေးနှုန်းမှာ အနည်းငယ်မြင့်တက်ခဲ့ကြောင်း The Economic Times သတင်း စာတွင် ဖော်ပြထားပါသည်။

ထိပ်တန်းဆန်တင်ပို့သူနိုင်ငံဖြစ်သည့် အိန္ဒိယ၏ ၅ မှတ်ပေါင်းဆန်မျိုးကွဲများကို ယခင် အပတ်ကစျေးနှုန်းများအတိုင်းပြောင်းလဲခြင်းမရှိဘဲ ယခုသီတင်းပတ်တွင် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၄၄၄ မှ ဒေါ်လာ ၄၅၀ ဖြင့် ရောင်းချလျက်ရှိကြောင်း၊ အိန္ဒိယ၏ ၅ မှတ် ဆန်ဖြူသည် ယခုအပတ်တွင် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၄၅၀ မှ ၄၅၈ ဒေါ်လာ အကြားတွင် အရောင်းအဝယ်ဖြစ်လျှက်ရှိကြောင်း သိရှိရသည်။

အိန္ဒိယသည် စပါးစိုက်ပျိုးစရိတ်များ မြင့်တက်နေသော်လည်း ရူပီးစျေးနှုန်း ကျဆင်းမှုက ဆန်တင်ပို့သူများကို စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကူညီပေးနေကြောင်း နယူးဒေလီ အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားထားသည်။ အိန္ဒိယရူပီးသည် ယခုသီတင်းပတ်အတွင်း ဒေါ်လာနှင့်နှိုင်းယှဉ်ပါက စံချိန်တင်ကျဆင်းခဲ့ပြီး ပို့ကုန်လုပ်ငန်းရှင်များ၏ အမြတ်ဝင်ငွေကို တိုးတက်ရရှိစေခဲ့ကြောင်း သိရှိရသည်။

ဗီယက်နမ်နိုင်ငံတွင် ၅မှတ်ဆန်သည် ယခင်တစ်ပတ်က ၅၁၇ ဒေါ်လာ ရှိခဲ့ရာမှ ယခုအခါ မက်ထရစ်တစ်တန်လျှင် ၅၀၉ ဒေါ်လာဖြင့် ကမ်းလှမ်းရောင်းချလျက်ရှိကြောင်း ဗီယက်နမ် စားနပ်ရိက္ခာအသင်းမှ သိရသည်။

အမေရိကန်နိုင်ငံစိုက်ပျိုးရေးဦးစီးဌာန (USDA) က ဆန်ရောင်းလိုအားကောင်းမည်ဟု ခန့်မှန်းထားသောကြောင့် စျေးနှုန်းများကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ဟိုချီမင်းမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားထားသည်။

Agribusiness & Trade

ဗီယက်နမ်နိုင်ငံ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ လယ်သမားများသည် နိုဝင်ဘာ ၂၀ ရက်အထိ နွေစပါး ဟက်တာ ၅၀၀,၀၀၀ ကို စိုက်ပျိုးခဲ့ပြီး ယင်းသည် ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ် အထွေထွေစာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။

ထိုင်းနိုင်ငံ၏ ၅ မှတ်ဆန်သည် ယခင်အပတ်က ကန်ဒေါ်လာ ၅၁၀ နှုန်းသာရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မက်ထရစ်တစ်တန်လျှင် ကန်ဒေါ်လာ ၅၁၀ မှ ၅၁၅ ဒေါ်လာသို့ အနည်းငယ်မြင့်တက်ခဲ့ကြောင်းနှင့် နှစ်ကုန်နီးလာသည်နှင့်အမျှ ဝယ်လိုအား ငြိမ်နေကြောင်းနှင့် ရေရရှိမှုကောင်းမွန်သောကြောင့် နောက်ရာသီ သီးနှံအထွက်နှုန်းမှာလည်း ကောင်းမွန်နိုင်ကြောင်း ဘန်ကောက်မြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားထားကြောင်းသိရှိရသည်။ အခြားသော ကုန်သည်တစ်ဦးကမူ ဘတ်ငွေအားကောင်းခြင်းကြောင့် ဈေးအနည်းငယ် တက်လာရခြင်းဖြစ်သည်ဟု ပြောကြားထားသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Source: Asia rice: New Season supplies rise in India; Vietnam rates drop, The Economic Times, 12 December, 2024.

## အိန္ဒိယ လက်ဖက်ဈေးသည် ထုတ်လုပ်မှုကျဆင်းမှုကြောင့် ၁၈ ရာခိုင်နှုန်း မြင့်တက်

အိန္ဒိယ လက်ဖက်သည် ဇန်နဝါရီမှ အောက်တိုဘာလအတွင်း ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ထုတ်လုပ်မှုပမာဏမှာ ၁၁၁၂.၁၁ သန်း ကီလိုဂရမ်သာရှိသဖြင့် ၆၆.၃၉ သန်း ကီလိုဂရမ်လျော့နည်းသွားသကဲ့သို့ ဈေးနှုန်းမှာလည်း ၁၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရသည်။

အာသံလက်ဖက်စိုက်ပျိုးသူများနှင့် ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီး Piyush Goyal တို့အကြား မကြာသေးမီက ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် ယင်းကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးက လက်ဖက်အရည်အသွေးကောင်းများ ထုတ်လုပ်ရန်နှင့် ဓါတုဆေးဝါးကျွမ်းကျင်မှုကန့်သတ်ချက် (MRLs) များအပေါ် လိုက်နာဆောင်ရွက်ရေးတို့ကို အလေးပေး ပြောကြားခဲ့ပြီး စားနပ်ရိက္ခာလုံခြုံမှုနှင့် စံချိန်စံညွှန်းများကြီးကြပ်ရေးအဖွဲ့ (FSSAI)နှင့် ပြည်နယ်အစိုးရများ ယင်းအပေါ် လိုက်နာဆောင်ရွက်မှုရှိ/မရှိကို တင်းကြပ်စွာ စောင့်ကြည့်ရန် အကြံပြုခဲ့သည်။

သို့သော် အရည်အသွေးမြင့်ထုတ်ကုန်များရှိသောဥယျာဉ်များသည် Tea Board ၏ လမ်းညွှန်ချက်များနှင့်အညီ ကင်းလွတ်ခွင့်များလျှောက်ထားနိုင်ကြောင်းနှင့် ကုန်စည်စီးဆင်းမှု လွန်ကဲမှုကို လျှော့ချရန်နှင့် လက်ဖက်ကဏ္ဍ ရေရှည်တည်တံ့စေရန်အတွက် ဈေးနှုန်းများကို ထိန်းထားရန် လိုအပ်ကြောင်းလည်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

လက်ဖက်အမှုန့်အဆင့် ၁၀၀% ကို လေလံဖြင့်သာ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပတ်သက်၍၊ ၎င်းကို ဆက်လက်အကောင်အထည်ဖော်မည်ဟု ပြောကြားခဲ့ပြီး ယင်းနည်းလမ်းသည် လိုက်နာမှု (compliance) နှင့် နောက်ကြောင်းပြန်လိုက်နိုင်သည့် အခွင့်အလမ်း (traceability) ကို ထိရောက်စွာဖော်ဆောင်နိုင်ရန် အထောက်အကူဖြစ်စေကြောင်းနှင့် လေလံစနစ်သုံး၍ လက်ဖက်အမှုန့် အဆင့်ရောင်းချခြင်းစတင်ပြီးနောက် ကုန်ဈေးရရှိမှုကောင်းမွန်မှုကို သိသာစွာတွေ့ရှိရကြောင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။

လက်ဖက်ဘုတ်အဖွဲ့၏ ညွှန်ကြားချက်အရ လက်ဖက်ခြောက်ထုတ်လုပ်မှုကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ စ၍ ရပ်ဆိုင်းလိုက်ခြင်းဖြင့် အိန္ဒိယနိုင်ငံ၏ ထုတ်လုပ်မှုသည် ယခင်နှစ်ထက် လျော့နည်းမည်ဟု ခန့်မှန်းရပါကြောင်း၊ အာသံနှင့် အနောက်ဘင်္ဂလားပြည်နယ် တစ်ဝှမ်းတွင် ဆိုးရွားသောရာသီဥတုအခြေအနေကြောင့် သီးနှံထုတ်လုပ်နိုင်မှုများ ကျဆင်းခဲ့ကြောင်း၊ ပြည်တွင်းဈေးနှုန်းအခြေအနေသည် မကြာသေးမီကာလများအတွင်း မြင့်တက်နေသော်လည်း သီးနှံထုတ်လုပ်နိုင်မှု သိသိသာသာကျဆင်းမှုသည် အမြတ်အစွန်းများနှင့် ဝင်ငွေများကို ထိခိုက်စေနိုင်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့စတုတ္ထအများဆုံး လက်ဖက်တင်ပို့ရောင်းချသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ရာသီဥတုဆိုးရွားမှုကြောင့် လက်ဖက်ထုတ်လုပ်မှုကျဆင်းလျက်ရှိပြီး ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်နေမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India tea prices surge 18% amidst decline in production, The Economic Times, 03 December, 2024.

……………………………………………………………………………………………

Agribusiness & Trade

## တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ပထမ (၁၁)လအတွင်း ပုံမှန်တိုးတက်မှုကို ပြသလျက်ရှိ

တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့၊ တင်သွင်းမှုစုစုပေါင်းသည် ၂၀၂၄ ခုနှစ်၊ ပထမ (၁၁) လတွင် တည်ငြိမ်စွာ တိုးတက်လာခဲ့ပြီး ယွမ်သတ်မှတ်ချက်အရ တစ်နှစ်ထက်တစ်နှစ် (၄.၉) ရာခိုင်နှုန်း တိုးလာကြောင်း တရားဝင်အချက်အလက်များက ဖော်ပြထားကြောင်း သိရှိရပါသည်။

ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ကုန်စည်ကုန်သွယ်မှုတန်ဖိုးသည် ယွမ် (၃၉.၇၉) ထရီလီယံ (သို့မဟုတ်) အမေရိကန်ဒေါ်လာ (၅.၆)ထရီလီယံအထိ တိုးလာခဲ့ကြောင်း အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)၏ အချက်အလက်များအရ သိရှိရသည်။

အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်သည် (၆.၇)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယွမ် (၂၃.၀၄)ထရီလီယံရှိခဲ့ပြီး သွင်းကုန်သည် ယွမ် (၁၆.၇၅)ထရီလီယံရှိခဲ့ပြီး (၂.၄)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း GACC ၏ အချက်အလက်များက ဖော်ပြထားကြောင်း သိရှိရပါသည်။

နိုဝင်ဘာလတစ်လတည်းတွင် ကုန်ပစ္စည်းတင်သွင်းမှုနှင့် တင်ပို့မှုသည် တစ်နှစ်ထက် တစ်နှစ် (၁.၂)ရာခိုင်နှုန်း တိုးမြင့်ခဲ့ပြီး စုစုပေါင်း ယွမ် (၃.၇၅)ထရီလီယံအထိရှိခဲ့ကာ (၈)လ ဆက်တိုက်တိုးတက်မှုကို ထိန်းသိမ်းထားနိုင်ကြောင်း သိရှိရပါသည်။

အထူးသဖြင့် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း စက်မှုနှင့်လျှပ်စစ်ထုတ်ကုန်များ တင်ပို့မှုသည် စုစုပေါင်းကုန်သွယ်မှု၏ (၆၀)ရာခိုင်နှုန်းနီးပါးရှိပြီး ကွန်တိန်နာများ၊ သင်္ဘောများနှင့် မော်တော်ဆိုင်ကယ်များ တင်ပို့မှုသည် (၁၀၈.၇)ရာခိုင်နှုန်း၊ (၆၅.၃)ရာခိုင်နှုန်းနှင့် (၂၄.၈) ရာခိုင်နှုန်း အသီးသီးတိုးလာကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်ဟု သိရှိရပါသည်။

ပထမ (၁၁)လအတွင်း အခြောက်လှန်းပြီး သစ်သီးဝလံနှင့် အခွံမာသီးများ၊ ဟင်းသီး ဟင်းရွက်နှင့် စားသုံးနိုင်သော မှို၊ အရက်နှင့် အဖျော်ယမကာ တင်ပို့မှုတို့သည် (၂၂.၂) ရာခိုင်

နှုန်း၊ (၁၁.၄) ရာခိုင်နှုန်းနှင့် (၇.၅)ရာခိုင်နှုန်း အသီးသီးတိုးလာသောကြောင့် လယ်ယာထွက်ကုန်များ ပြည်ပဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ နိုင်ငံခြားကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် (၈.၇)ရာခိုင်နှုန်း တိုးလာသည်ကို တွေ့မြင်ခဲ့ရပြီး တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတွင် အဓိကအင်အားစုအဖြစ် ရှိနေကြောင်း၊ တစ်ချိန်တည်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ ကုန်သွယ်မှုသည် (၁.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ပို့ကုန်ဈေးကွက်ဖြန့်ကျက်မှုကိုလည်း ဆက်လက်ထိန်းထားနိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ပထမ (၁၁)လတွင် တရုတ်၏ အစဉ်အဆက်မိတ်ဖက်များဖြစ်သည့် ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့နှင့် ကုန်သွယ်မှုသည် (၁.၃)ရာခိုင်နှုန်း၊ (၄.၂)ရာခိုင်နှုန်းနှင့် (၆.၃) ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ဤကာလအတွင်း တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့်ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သည့် နိုင်ငံများနှင့် ကုန်သွယ်မှုသည် တစ်နှစ်ထက်တစ်နှစ် (၆)ရာခိုင်နှုန်း တိုးလာပြီး အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုမှာ (၈.၆)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ လက်တင်အမေရိကနှင့် အာဖရိကတို့နှင့် ကုန်သွယ်မှုသည် (၇.၉)ရာခိုင်နှုန်းနှင့် (၄.၈)ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံတော်ကောင်စီသည် မကြာသေးမီက နိုင်ငံခြားကုန်သွယ်မှု တည်ငြိမ်တိုးတက်စေရေးမူဝါဒအစီအမံများကို ထုတ်ပြန်ခဲ့သည့်အပြင် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)နှင့် အခြားဌာနများသည် ပြည်တွင်းနှင့် ပြည်ပကုန်သွယ်မှု ပေါင်းစပ်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ရန်၊ ဆိပ်ကမ်းများတွင် စီးပွားရေးပတ်ဝန်းကျင်ကောင်းကို မြှင့်တင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ အကောက်ခွန်ရှင်းလင်းရာတွင် ပိုမိုအဆင်ပြေစေရန် သီးသန့်အစီအမံများကို အကောင်အထည်ဖော်ခဲ့ကြောင်း GACC ၏ စာရင်းအင်းနှင့် ခွဲခြမ်းစိတ်ဖြာမှုဌာန ဒါရိုက်တာ Lyu Daliang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Agribusiness & Trade

ကုန်ပစ္စည်းလက်ကျန်များနှင့် ထပ်တိုးမူဝါဒများကြောင့် တရုတ်နိုင်ငံသည် ယခုနှစ်ကို နိုင်ငံခြားကုန်သွယ်မှုတွင် ကောင်းမွန်သောလုပ်ဆောင်ချက်ဖြင့် အဆုံးသတ်ရန်နှင့် တည်ငြိမ်သော အရည်အသွေးနှင့် အရေအတွက် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် မျှော်လင့်ထားသည်ဟု Lyu က မှတ်ချက်ပြုခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source:

https://english.news.cn/20241210/868e542d23314fddbfb681f47842325a/c.html

**အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်းမှ ပြည်ပမှီခိုမှုလျှော့ချရန် ရန်ပုံငွေ ရူပီး ၇၂၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ) ပံ့ပိုးပေးရန် အစိုးရထံတင်ပြတောင်းဆို**

အိန္ဒိယနိုင်ငံ အီလက်ထရောနစ်လုပ်ငန်းများအသင်း (Electronics Industries Association of India -ELCINA) မှ အီလက်ထရောနစ်ကဏ္ဍအတွက် ပြည်ပမှီခိုမှုလျှော့ချပြီး ပြည်တွင်း၌ ကုန်ကြမ်းပစ္စည်းထုတ်လုပ်မှု တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုမည့် ရန်ပုံငွေ ရူပီး ၇၂၅၀၀ ကာရိုး (ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ)အား ပံ့ပိုးပေးရန် အစိုးရထံ တင်ပြတောင်းဆိုခဲ့ကြောင်း သိရသည်။ ၂၀၃၀ ပြည့်နှစ်တွင် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှု ရည်မှန်းချက် ကန်ဒေါ်လာ ၅၀၀ ဘီလီယံရရှိရန် လိုအပ်သော အီလက်ထရောနစ် သွင်းအားစုများအတွက် ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟချက် ကန်ဒေါ် လာ ၂၄၈ ဘီလီယံ (ရူပီး ၂၁ သိန်းကာရိုး) အထိ ရောက်ရှိလာနိုင်သည့်အတွက်ဖြစ်ကြောင်း သိရသည်။

အဆိုပါကူညီထောက်ပံ့မှုအစီအစဉ်ကြောင့် အဆိုပါ ဝယ်လိုအားနှင့် ရောင်းလိုအား ကွာဟချက်ကို ကန်ဒေါ်လာ ၁၄၆ ဘီလီယံ (ရူပီး ၁၂ ဒသမ ၃၆ သိန်း ကာရိုး) အထိလျှော့ချနိုင်ပြီး၊ စုစုပေါင်း ကန်ဒေါ်လာ ၁၀၂ ဘီလီယံ (ရူပီး ၈ ဒသမ ၈၆ သိန်း ကာရိုး) လျှော့ကျသွားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ အီလက်ထရောနစ်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သူများ ရင်ဆိုင်နေရသော အခက်အခဲမှာ ကုန်ချောထုတ်လုပ်မှုကဲ့သို့ ကုန်ထွက်ပမာဏကို ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၁၆ ဆ အထိ မရရှိနိုင်ပဲ ၃ ဆသာ ရရှိနိုင်ကြောင်း ELCINA အထွေထွေအတွင်းရေးမှူးချုပ် Rajoo Goel က အလေးဂရုပြုပြောကြားခဲ့သည်။

အဆိုပါကဏ္ဍ၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့် အရင်းအနှီးမှ ပြန်ရချက်နိမ့်ကျခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုစရိတ် ကြီးမြင့်ခြင်းနှင့် အကျိုးအမြတ်ရရှိရန် ကာလရှည်ကြာခြင်း စသည့် အချက်များကြောင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် လက်နှေးတတ်ကြကြောင်း၊ ယင်းအချက်ကို ကုစားနိုင်ရန် အီလက်ထရောနစ်အစိတ်အပိုင်းထုတ်လုပ်ရေးကဏ္ဍတိုးချဲ့ရန် တွန်းအားပေးနိုင်မည့် လိုအပ်သော အရင်းအနှီးပစ္စည်းကိရိယာများအတွက် အသုံးစရိတ်ငွေ ကန်ဒေါ်လာ ၂ ဒသမ ၁၄ ဘီလီယံနှင့် ထုတ်လုပ်မှုနှင့်ချိတ်ဆက်သော မက်လုံးပေးအစီအစဉ် (Production-linked incentives -PLI) အတွက် ကန်ဒေါ်လာ ၆ ဒသမ ၄၃ ဘီလီယံ အပါအဝင် စုစုပေါင်း ကန်ဒေါ်လာ ၈ ဒသမ ၅၇ ဘီလီယံ ခွင့်ပြုပေးရန် အစိုးရထံတင်ပြခဲ့ခြင်းဖြစ်ကြောင်း Goel က ရှင်းလင်းပြောကြားခဲ့သည်။

ELCINA ၏ အဆိုပြုတင်ပြချက်တွင် ကုန်ချောတစ်ခု၏ စုစုပေါင်းတန်ဖိုး၏ ၄၀ ရာခိုင်နှုန်း ပါဝင်သော တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ်သော အစိတ်အပိုင်းများကို အဓိကထားဖော်ပြကြောင်း၊ ၎င်းတို့မှာ ပုံနှိပ်ထားသော လျှပ်စီးပတ်လမ်းပြားများ၊ သေးငယ်သောအီလက်ထရောနစ် အစိတ်အပိုင်းများ၊ တစ်ပိုင်းလျှပ်ကူးကိရိယာငယ်များနှင့် သတ္တုအစိတ်အပိုင်းများဖြစ်ကြောင်း၊ အဆိုပါ အခြေခံကိရိယာပစ္စည်းများသည် အီလက်ထရောနစ်ထုတ်ကုန်များ ထုတ်လုပ်ရာ၌ ပါဝင်သော သွင်းအားစုစရိတ်အားလုံး၏ ၆၀ ရာခိုင်နှုန်းဝေစုကို ရယူထားကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် အိန္ဒိယနိုင်ငံ တစ်ပိုင်းလျှပ်ကူးပစ္စည်းအစီအစဉ်ကို အကောင်အထည် ဖော်ဆောင်ရွက်ထားပြီးဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ရူပီး ၁ ဒသမ ၅၂ သိန်း ကာရိုးအား ခွင့်ပြုထားပြီးဖြစ်သည်။ သို့သော် ELCINA အနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အလုပ်အကိုင်နေရာပေါင်း ၅၀ သိန်း ခန့်အား ဖန်တီးပေးနိုင်သည့် လုပ်အားစူးစိုက် (labor-intensive) သော ကဏ္ဍဖြစ်သည့် တစ်ပိုင်း လျှပ်ကူးပစ္စည်းမဟုတ်သောအစိတ်အပိုင်းများ (non-semiconductor compone-nts) ကဏ္ဍကို လည်း အလားတူပံ့ပိုးကူညီမှုပေးရန် အစိုးရထံ အလေးဂရုပြုတင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအတိုင်း အစိုးရမှ ဝင်ရောက်လုပ်ဆောင်ပေးခြင်းကြောင့် ၂၀၃၀ ပြည့်နှစ်တွင် နောက် ထပ် ရင်းနှီးမြှုပ်နှံမှုပမာဏ ကန်ဒေါ်လာ ၃၆ ဘီလီယံ ထပ်မံတိုးမြှင့်လာအောင် လှုံ့ဆော်နိုင်မည်ဟု Goel က ခန့်မှန်းထားသည်။ အစိုးရ၏ ပံ့ပိုးကူညီမှုမရှိပါက အဆိုပါ တစ်ပိုင်းလျှပ်ကူးပစ္စည်းမဟုတ် သော အစိတ်အပိုင်းများကဏ္ဍအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ကန်ဒေါ်လာ ၁၃ ဘီလီယံမှ ၂၀၃၀ ပြည့်နှစ် တွင် ကန်ဒေါ်လာ ၃၇ ဘီလီယံအထိ တိုးတက်လာရန် မျှော်မှန်းရပြီး၊ ကန်ဒေါ်လာ ၂၄၈ ဘီလီယံမျှ ကွာဟချက်ကြီးမားနေဦးမည်ဖြစ်ကြောင်း သိရသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Trade Promotion Council of India, ELCINA seeks ₹72,500 Cr package to reduce import dependence, December 9, 2024

Agribusiness & Trade

## အိန္ဒိယလျှပ်စစ်သုံးမော်တော်ယာဉ်ဈေးကွက်တွင် ဒေလီ ထိပ်ဆုံးမှရပ်တည်လျက်ရှိ

အိန္ဒိယနိုင်ငံတွင် လျှပ်စစ်သုံးမော်တော်ယာဉ်အသုံးပြုမှု တိုးတက်လျက်ရှိပြီး ဒေလီ (Delhi) သည် စုစုပေါင်း လျှပ်စစ်သုံးမော်တော်ယာဉ် ထိုးဖောက်အသုံးပြုမှုနှုန်း (EV penetration rate) ၏ ၁၁ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိကြောင်း FICCI-Yes ဘဏ်၏ အစီရင်ခံစာအရ သိရသည်။ ၎င်းနောက်တွင် Kerala ပြည်နယ်က ၁၁ ဒသမ ၁ ရာခိုင်နှုန်း၊ အာသံပြည်နယ်က ၁၀ ရာခိုင်နှုန်းဖြင့် အသီးသီးရပ်တည်လျက်ရှိကာ ဘီးနှစ်လုံးတပ် လျှပ်စစ်သုံးယာဉ်နှင့် ဘီးသုံးလုံးတပ် လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှု သိသိသာသာတိုးတက်လျက်ရှိကြောင်း သိရသည်။ ၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း Gujarat၊ Odisha၊ Kerala နှင့် Punjab ပြည်နယ်တို့တွင် နှစ်အလိုက် လျှပ်စစ်သုံးမော်တော်ယာဉ် ရောင်းချရမှုနှုန်း (compound annual growth rates-CAGR) အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီရင်ခံစာတွင် ၂၀၂၄ ဘဏ္ဍာနှစ်၏ လျှပ်စစ်သုံးမော်တော်ယာဉ်အသုံးပြုမှု စုစုပေါင်း၏ ထက်ဝက်ကျော်အသုံးလျက်ရှိသော ပြည်နယ် ၅ ခုအမည်ကိုဖော်ပြခဲ့ပြီး၊ လွန်ခဲ့သော ၄ နှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံတစ်ဝှမ်း၌ လျှပ်စစ်သုံးမော်တော်ယာဉ် ရောင်းချရမှု ပိုမိုညီမျှမှု ရှိလာကြောင်း ဖော်ပြထားသည်။ နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သော ဖန်လုံအိမ်ဓါတ်ငွေ့ အသားတင် ထုတ်လွှတ်မှု သုညအဆင့်သို့ လျှော့ချရေးရည်မှန်းချက်များ (net-zero emissions targets) ကို ပြည့်မီရန် ပြည်နယ်များအနေဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ လျှပ်စစ်သုံးမော်တော်ယာဉ်များ ပြောင်းလဲအသုံးပြုကြရန် အရေးကြီးကြောင်း သိရသည်။

အဆိုပါ အမျိုးသားရေး ရည်မှန်းချက်များ ပြည့်မီစေရန် လက်ရှိ လျှပ်စစ်သုံးမော်တော်ယာဉ် အသုံးပြုမှုနှုန်းကို နှစ်ဆမြင့်တင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်အထိ ပြည်နယ်အလိုက်လျှပ်စစ်သုံး မော်တော်ယာဉ်အသုံးပြုမှုဆိုင်ရာ မူဝါဒများကို ပြင်ဆင်သတ်မှတ်သွားရန်လိုအပ်ကြောင်း အဆိုပါ အစီရင်ခံစာမှ တိုက်တွန်းထားသည်။ ထို့အပြင် အများပြည်သူသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လျှပ်စစ်သုံးမော်တော်ယာဉ်အသုံးပြုမှု တိုးမြှင့်သွားရန် မဖြစ်မနေ လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံရှိ ပြည်နယ်အများစုတွင် လျှပ်စစ်သုံးမော်တော်ယာဉ်ဆိုင်ရာ မူဝါဒများမှာ သက်တမ်းကုန်ဆုံး လုနီးပါးဖြစ်နေသည့်အတွက် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် အသုံးပြုမှုတိုး

Agribusiness & Trade

တက်စေရန် တည်ငြိမ်၍ ရေရှည်တည်တံ့သော မူဝါဒဆိုင်ရာ မူဘောင်များချမှတ်လုပ်ဆောင်ရန် လိုကြောင်း ဖော်ပြထားသည်။ လျှပ်စစ်သုံးမော်တော်ယာဉ်ကဏ္ဍတိုးတက်ရေးနှင့် ဓါတ်အားပြန်လည် သွင်းယူနိုင်သည့် အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေကြေးရရှိမှုကို ပြည်နယ်များမှ ထောက်ပံ့ကူညီပေးရန်လည်း အစီရင်ခံစာမှ တောင်းဆိုထား ကြောင်း သိသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: The Trade Promotion Council of India, Delhi tops India's growing EV market, report reveals, December 5, 2024

## အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံမှ သံမဏိတင်သွင်းမှု စံချိန်တင် မြင့်တက်ခဲ့ကြောင်း နောက်ဆုံးထုတ်ပြန်ထားသည့်အချက်အလက်များအရ သိရ

အိန္ဒိယ၏ တရုတ်နိုင်ငံမှ သံမဏိအချောထည်များအား တင်သွင်းမှုသည် လက်ရှိဘဏ္ဍာ ရေးနှစ်ဧပြီလမှစပြီး ပထမခုနစ်လအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း အစိုးရ၏ယာယီ အချက် အလက်များကို Reuters မှ ပြန်လည်သုံးသပ်သည့် အစီရင်ခံစာတွင်ဖော်ပြခဲ့ရာ အိန္ဒိယ အသေးစား သံမဏိထုတ်လုပ်သူ ရာနှင့်ချီကာ တုန်လှုပ်ခြောက်ခြားသွားခဲ့ကြောင်း သိရှိရသည်။

ကမ္ဘာ့အကြီးဆုံးသံမဏိထုတ်လုပ်သည့် တရုတ်နိုင်ငံသည် ဧပြီလမှ အောက်တိုဘာလ အတွင်း အိန္ဒိယသို့ သံမဏိအချောထည် တန်ချိန် ၁.၇ သန်း တင်ပို့ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၃၅.၄ ရာခိုင်နှုန်း တိုးလာကြောင်း စာရင်းအင်းအချက်အလက်များအရ သိရသည်။

ဤအခြေအနေသည် စီးပွားရေးတိုးတက်မှုနှင့် အခြေခံအဆောက်အဦများအတွက် အစိုးရ မှသုံးစွဲငွေများစွာ ခွင့်ပြုဆောင်ရွက်လျက်ရှိသောကြောင့် သံမဏိလုပ်ငန်းအတွက် ဝယ်လိုအား မြင့်မားစွာရှိသော်လည်း တရုတ်မှဈေးနှုန်းသက်သာသည့် သွင်းကုန်များနှင့် ဒေသတွင်း ဈေးနှုန်း ကျဆင်းမှုကြောင့် အိန္ဒိယသံမဏိထုတ်လုပ်သူများ၏ စီးပွားရေးအခြေအနေကို ပိုမိုဆိုးရွားမှု ဖြစ်စေ ကြောင်းသိရှိရသည်။

ကမ္ဘာ့အကြီးဆုံးသံမဏိထုတ်လုပ်သည့် တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ သံမဏိပစ္စည်းများ ၊ သွပ်ပြားများနှင့် လျှပ်စစ်ပြားများကို အများစု တင်ပို့ရောင်းချခဲ့ကြောင်း အချက်အလက်များအရ သိရသည်။

အိန္ဒိယ၏ အလုံးစုံသော သံမဏိအချောထည်ပစ္စည်း တင်သွင်းမှုသည် ခုနစ်နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ပြီး ယခုနှစ်ဧပြီလမှ အောက်တိုဘာလအတွင်း မက်ထရစ်တန်ချိန် ၅.၇ သန်းအထိ တင်သွင်းမှု မြင့်တက်လာခဲ့သည်။

ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ သံမဏိအချောထည် တင်သွင်းမှုသည်လည်း ယင်းကာလအတွင်း နှစ်ဆကျော်တိုးလာကြောင်း ကိန်းဂဏန်းများအရ သိရပြီး တရုတ်၊ တောင်ကိုရီးယားနှင့် ဂျပန်တို့၏ ဧပြီလမှ အောက်တိုဘာလအတွင်း သံမဏိအချောထည်တင်ပို့မှုသည် အိန္ဒိယနိုင်ငံ၏ စုစုပေါင်း တင်သွင်းမှု၏ ၇၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ သံမဏိဝန်ကြီးဌာနသည် ဈေးပေါသော တရုတ်သွင်းကုန်များကို တားဆီးရန်အတွက် သံပြားထုတ်ကုန်များအပေါ် အကာအကွယ်ပေးသည့် အခွန် ၂၅ ရာခိုင်နှုန်း သို့မဟုတ် ယာယီအခွန်ကို ကောက်ခံခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး သံမဏိကုန်ကြမ်းထုတ်လုပ်သည့် အိန္ဒိယနိုင်ငံသည် ၂၀၂၄ ဘဏ္ဍာနှစ်ကတည်းက သတ္တုစပ် အသားတင်တင်သွင်းသူဖြစ်လာခဲ့ကြောင်း၊ သို့ရာတွင် သံမဏိအချောထည် သုံးစွဲမှုမှာလည်းမြင့်မားလာပြီး ဧပြီလမှ အောက်တိုဘာလအတွင်း သံမဏိအချောထည် တင်သွင်းမှုသည် (၇) နှစ်တာ ကာလအတွင်း အမြင့်ဆုံးသို့ ရောက်ရှိသွားခဲ့ကြောင်း သိရှိရသည်။

အိန္ဒိယ၏ သံမဏိအချောထည် တင်ပို့မှုသည် ဧပြီလမှ အောက်တိုဘာလအတွင်း ၂၉.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး အီတလီသည် အိန္ဒိယ၏ သံမဏိကို အများဆုံး ဝယ်ယူသူဖြစ်လာခဲ့ကြောင်း၊ ဧပြီလမှ အောက်တိုဘာလအတွင်း ဗြိတိန်သို့ တင်ပို့မှုမှာ ၁၅ ရာခိုင်နှုန်းနီးပါး ခုန်တက်သွားကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India’s steel imports from China hit record high, latest data shows, The Economic Times, 5 December, 2024.

## အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယခုဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်လိမ့်မည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Piyush Goyal

အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal က အိန္ဒိယ၏ စီးပွားရေးတိုးတက်မှုသည် ကမ္ဘာလုံးဆိုင်ရာ မသေချာမရေရာမှုများရှိနေသော်လည်း ယခုဘဏ္ဍာရေးနှစ်ကုန်တွင် လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိမည်ဟု ယုံကြည်ကြောင်းနှင့် ယခုနှစ်တွင်လည်း အိန္ဒိယသည် ကမ္ဘာ့စီးပွားရေးအလျင်မြန်ဆုံးတိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

Times Network က ကျင်းပပြုလုပ်သည့် India Economic Conclave ၌ ဇူလိုင်လမှ စက်တင်ဘာလသုံးလပတ်တွင် GDP တိုးတက်မှုနှုန်း ၅.၄ ရာခိုင်နှုန်းသာရှိမှုအပေါ် စိုးရိမ်စရာရှိမရှိ မေးခွန်းအပေါ် ဝန်ကြီးက ယခုနှစ်ပထမသုံးလပတ်၌ ရွေးကောက်ပွဲကျင်းပခဲ့ပြီး ယင်းကာလအတွင်း၌ အခြေခံအဆောက်အအုံအသုံးစရိတ်အတွက် မူဝါဒချမှတ်မှုနှင့် ဆုံးဖြတ်ချက်များ နှေးကွေးခဲ့သဖြင့် နောက်ကျသည့်အကျိုးသက်ရောက်မှုများ ကြုံတွေ့ခဲ့ရပါကြောင်း၊ သို့ရာတွင် ယခု တတိယသုံးလပတ်အတွက် ကနဦးကိန်းဂဏန်းများအရ ပွဲတော်ကာလအသုံးစရိတ်များ၊ ကျေးလက်ဒေသတိုးတက်မှုနှုန်း၊ ဘဏ်လုပ်ငန်းများနှင့် အခြေခံအဆောက်အအုံအသုံးစရိတ်များ လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရှိရပါကြောင်း၊ မတ်လဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်တွင် အိန္ဒိယနိုင်ငံ၏စီးပွားရေးသည် လမ်းကြောင်းမှန်ပေါ်ပြန်လည်ရောက်ရှိမည်ဟု ထင်ကြောင်းဖြေကြားခဲ့သည်ဟု သိရှိရသည်။

ထုတ်လုပ်မှုနှင့် သတ္တုတွင်းကဏ္ဍများ၏ စွမ်းဆောင်ရည် ညံ့ဖျင်းမှုကြောင့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလပတ်ကာလတွင် နှစ်နှစ်တာကာလအတွင်း အနိမ့်ဆုံးအဖြစ် ၅.၄ ရာခိုင်နှုန်းသို့ နှေးကွေးသွားကြောင်း၊ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် ယခင်ဘဏ္ဍာနှစ် ဇူလိုင်လမှ စက်တင်ဘာလ သုံးလပတ်တွင် ၈.၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ယခင် GDP တိုးတက်မှု အနိမ့်ဆုံးအဆင့်မှာ ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် (အောက်တိုဘာ-ဒီဇင်ဘာ ၂၀၂၂) တွင် ၄.၃ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ သို့သော်လည်း ယခုနှစ် ဇူလိုင်လမှ စက်တင်ဘာလသုံးလပတ်တွင် တရုတ်နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမှာ ၄.၆ ရာခိုင်နှုန်းရှိသောကြောင့် အိန္ဒိယသည် အလျင်မြန်ဆုံး ကြီးထွားနေသည့် အဓိကစီးပွားရေးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်းနှင့် အိန္ဒိယနိုင်ငံ၏ ခေတ်မီနည်း

Agribusiness & Trade

ပညာများနှင့် ဆန်းသစ်တီထွင်မှုများသည် နိုင်ငံ၏တိုးတက်မှုကို ဖော်ဆောင်နိုင် လိမ့်မည်ဖြစ်ကြောင်း Goyal က ပြောကြားခဲ့သည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India's economic growth by the end of this fiscal will be back on track: Commerce Minister Piyush Goyal, The Economic Times, 12 December, 2024.

……………………………………………………………………………………………………

Agribusiness & Trade